## (၅) ကြက်သွန်ဂျိုလိမ်ရောဂါ (Twister Disease)

ရောဂါဖြစ်စေသောသက်ရှိ - *Colletotrichum gloeosporioides* (Penz.) Sacc

ရောဂါလက္ခဏာ

ကြက်သွန်အရွက်များ ကောက်ကွေးခြင်း၊ တွန့်လိမ်ခြင်းနှင့် အစိမ်းရောင် ပြယ်ခြင်းများ ဖြစ်ပေါ်ခြင်း၊ အမြစ်များ လိုလာကာ လည်ပင်းများမှာ ပုံမှန်မဟုတ်သော ရှည်ထွက်ခြင်း ဖြစ်နိုင်သည်။ ကြက်သွန်ဥ များသည် သေးသွယ် ပြီး သိမ်းဆည်းထားသည့်အခါ လျှင်မြန်စွာ ပျက်စီး သွား နိုင်သည်။ ကြက်သွန် ဂျိုလိမ်ရောဂါ ၏ ပထမဆုံးသောလက္ခဏာမှာ ရွက်ပေါ်တွင် အဖြူ သို့မဟုတ် အဝါဖျော့ ဖျော့ ဘဲဥပုံ သဏ္ဍာန် ရေစိုနာရောဂါကွက်များကို မြင်နိုင်တွေ့နိုင်သည်။ ရောဂါတိုး လာသည်နှင့် အမျှ ရောဂါ ကွက်များသည် ကြီးမားကျယ်ပြန့်လာကာ အလယ်ဗဟို တွင် အမည်းရောင် မှိုစပိုး များ သည် စက်ဝိုင်းပုံကွင်းသဏ္ဍာန်ရှိနေသည်။



ကာကွယ်နှိမ်နင်းနည်းများ

- မျိုးစေ့များအား မျိုးစေ့လူးနယ်ဆေးတစ်မျိုးမျိုးဖြင့် လူးနယ် စိုက် ပျိုးပါ။
- ရောဂါကင်းသော ပျိုးပင်များကိုသာ ရွေးချယ်စိုက်ပျိုးပါ။

- စိုက်ခင်းအတွင်းကျန်ရှိနေခဲ့သည့် အပင်အစိတ်အပိုင်းများအားဖယ်ရှားသန့်ရှင်းပါ။
- မိုးရာသီ၊ စွတ်စိုမှုများသောအချိန်တွင် ရောဂါဖြစ်စေသည်။
- ရောဂါကျရောက်ပါက Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Copper Oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်) ၊ Mancozeb (မန်ကိုဇက်)၊ Difenoconazole (ဒီဖီနိုကို နာဇိုး) စသော မှိုသတ်ဆေးများအသုံးပြုပက်ဖျန်းပါ။